## Twenty-Fourth Sunday in Ordinary Time (C)

**1st READING:** ***Exodus 32:7-11, 13-14***

ထွက်မြောက်ရာကျမ်း။ ၃၂း ၇–၁၁ ၊ ၁၃–၁၄

ထာဝရဘုရားက၊သင်သည်ဆင်းသွားလော့။အဲဂုတ္တုပြည်မှသင်နှုတ်ဆောင်ခဲ့သောသင်၏လူတို့
သည်ဖောက်ပြန်ကြပြီ။ငါမှာထားသောလမ်းမှအလျင်အမြန်လွှဲသွား၍နွားသငယ်ရုပ်ကိုသွန်းပြီးလျှင်
၊အိုဣသရေလအမျိုး၊ဤဘုရားသည်သင့်ကိုအဲဂုတ္တုပြည်မှနှုတ်ဆောင်ခဲ့သောဘုရားဖြစ်တော်မူ၏
ဟုဆိုလျက်၊ရုပ်တုရှေ့မှာယဇ်ပူဇော်ကိုးကွယ်ကြပြီဟူ၍ဇင်းင်း၊ဤလူမျိုးကိုငါကြည့်မြင်ပြီ။လည်ပင်း
ခိုင်မာသောအမျိုးဖြစ်၏။သို့ဖြစ်၍ငါ့ကိုရှိစေတော့။ငါသည်အမျက်ပြင်းစွာထွက်၍သူတို့ကိုဖျက်ဆီး
မည်။သင့်ကိုကားကြီးသောအမျိုးဖြစ်စေမည်ဟူ၍ဇင်းင်း၊မောရှေအားမိန့်တော်မူ၏။မောရှေကလည်း
၊အိုထာဝရဘုရား၊ကိုယ်တော်သည်မဟာတန်ခိုးအားကြီးသောလက်နှင့်အဲဂုတ္တုပြည်မှနှုတ်ဆောင်ခဲ့
သောကိုယ်တော်၏လူတို့ကို၊အဘယ်ကြောင့်အမျက်ပြင်းစွာထွက်တော်မူသနည်း။ကိုယ်တော်က၊
သင်တို့အမျိုးအနွယ်ကိုကောင်းကင်ကြယ်ကဲ့သို့ငါများပြားစေမည်။ငါပြောခဲ့သောဤမြေရှိသမျှကို
သင်တို့အမျိုးအနွယ်အားငါပေးသဖြင့်၊သူတို့သည်အစဉ်အမြဲအမွေခံရကြလိမ့်မည်ဟုကိုယ်ကိုကိုယ်
တိုင်တည်၍ကျိန်ဆိုတော်မူသောစကားကိုခံခဲ့ပြီးသောကိုယ်တော်၏ကျွန်အာဗြဟံ၊ဣဇာက်၊
ဣသရေလတို့ကိုအောက်မေ့တော်မူပါဟုမိမိဘုရားသခင်ထာဝရဘုရားရှေ့တော်၌တောင်းပန်လေ
၏။ထာဝရဘုရား သည်မိမိလူတို့အားအပြစ်ပေးမည်အကြံကိုနောင်တရတော်မူ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm    Psalms 51:3-4, 12-13, 17, 19

ဆာလံကျမ်း ၅၁

**သံပြိုင်။** ။ ငါသည်ထ၍၊ငါ၏အဖထံသို့သွားမည်။

R. (Lk 15:18) **I will rise and go to my father**

၁။ ။ အိုဘုရားသခင်၊ တပည့်တော်ကို သနားတော်မူပါ။ကိုယ်တော်၏ခိုင်မြဲသောမေတ္တာတော်ကြောင့်လည်း ကောင်း၊ ကိုယ်တော်၏ မဟာကရုဏာတော်ကြောင့် လည်းကောင်း၊ တပည့်တော်၏အပြစ်ကျူးလွန်မှုများ ကို ပယ်ဖျက်ပစ်တော်မူပါ။ တပည့်တော်၏ အပြစ်ဒုစရိုက်ကို ဆေးကြောတော်မူပါ။ တပည့်တော်ကို အပြစ်မှ စင်ကြယ်စေတော်မူပါ။ **(သံပြိုင်)**

Have mercy on me, O God, in your goodness; in the greatness of your compassion wipe out my offense. Thoroughly wash me from my guilt and of my sin cleanse me.

၂။ ။ အိုဘုရားသခင်၊ တပည့်တော်၏အတွင်းစိတ်၌ဖြူစင်သည့်နှလုံးသားကိုဖန်ဆင်းတော်မူပါ။ ခိုင်မြဲသောစိတ်ဓါတ်ကိုတပည့်တော်၏အတွင်း၌အသစ်ပြုပြင်တော်မူပါ။ ရှေ့တော်မှောက်မှတပည့်တော်ကိုနှင်ထုတ်တော်မမူပါနှင့်။ ကိုယ်တော်၏မွန်မြတ်သောဝိညာဉ်တော်ကိုတပည့်တော်ထံမှရုပ်သိမ်းတော်မမူပါနှင့်။ **(သံပြိုင်)**

A clean heart create for me, O God, and a steadfast spirit renew within me. Cast me not out from your presence, and your Holy Spirit take not from me.

၃။ ။ အိုထာဝရဘုရားသခင်၊တပည့်တော်၏နှုတ်ခမ်းများကိုဖွင့်တော်မူပါ။တပည့်တော်၏နှုတ်သည်လည်းကိုယ်တော်၏ဘုန်းဂုဏ်တော်ကိုထုတ်ဖော်ဝန်ခံပါမည်။ဘုရားသခင်နှစ်သက်တော်မူသောယဇ်မှုကား၊ကြေကွဲ သောစိတ်ပေတည်း။ အိုဘုရားသခင်ကိုယ်တော်သည် ကြေကွဲ၍၊နောင်တရသော စိတ်နှလုံးကိုပစ်ပယ်တော် မူလိမ့်မည်မဟုတ်ပါ။**(သံပြိုင်)**

O Lord, open my lips, and my mouth shall proclaim your praise. My sacrifice, O God, is a contrite spirit; a heart contrite and humbled, O God, you will not spurn.

**2nd READING:** ***1Timothy 1:12-17***

တိမောသေဦးထံပေါလုရေးသောပထမစာစောင် ၁း၁၂–၁၇

ငါ့ကိုခွန်အားပေးတော်မူသောငါတို့သခင်ခရစ်တော်ယေရှု၏ကျေးဇူးတော်ကိုချီးမွမ်းပါ၏။အကြောင်းမူကားကိုယ်တော်သည်ငါ့ကိုအမှုတော်ထမ်းဆောင်ရန်ခန့်အပ်ခြင်းအားဖြင့်သစ္စာရှိသူဟူ၍သတ်မှတ်ခဲ့လေပြီ။ယခင်ကငါသည်ကိုယ်တော်ကိုထိခိုက်ပြောဆိုခဲ့၍ညှဉ်းပန်းနှိပ်စက်ခဲ့ပြီး၊ကဲ့ရဲ့ရှုတ်ချခဲ့သော်လည်းယုံကြည်ခြင်းကင်းမဲ့၍အမှန်တရားကိုမသိသောကြောင့်သာထိုသို့ပြုကျင့်ခဲ့ခြင်းဖြစ်သည့်အတွက်ကရုဏာတော်ကိုငါခံယူရရှိခဲ့၏။ငါတို့သခင်ဘုရား၏ကျေးဇူးတော်သည်လည်းခရစ်တော်ယေရှု၌ယုံကြည်ခြင်း၊ချစ်ခြင်းမေတ္တာနှင့်အတူတကွငါ့အတွက်ပြည့်လျှံခဲ့လေပြီ။ခရစ်တော်ယေရှုသည်အပြစ်ရှိသောသူတို့ကိုကယ်တင်ခြင်းငှာဤလောကသို့ဆင်းကြွလာတော်မူသည်ဟူသောစကားသည်မှန်ကန်၍လက်ခံထိုက်ဖွယ်ဖြစ်ပေသည်။အပြစ်ရှိသောသူတို့တွင်ငါသည်ထိပ်တန်းပင်ဖြစ်၏။သို့ရာတွင်ထာဝရအသက်ကိုရရှိစေခြင်းငှာယေရှုခရစ်တော်ကိုယုံကြည်လတ္တံ့သောသူတို့အတွက်စံနမူနာတစ်ခုဖြစ်စေရန်အပြစ်ရှိသောသူတို့တွင်ထိပ်တန်းဖြစ်သောငါသည်ပင်လျှင်ကရုဏာတော်ကိုခံယူခဲ့ရ၏။ခေတ်ကာလအပေါင်းတို့၏ဘုရင်တည်းဟူသောပျက်စီးခြင်းနှင့်ကင်းလွတ်တော်မူထသော၊လူတို့မြင်နိုင်စွမ်းမရှိသောတစ်ဆူတည်းသောဘုရားသခင်အားဘုန်းတော်ဂုဏ်တော်ရှိတော်မူစေသတည်း။ အာမင်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Luke 15:1-32***
ရှင်လုကာဧဝံဂေလိကျမ်း ၁၅း၁–၃၂

အခွန်ခံသူတို့နှင့်အပြစ်ရှိသူတို့သည်ကိုယ်တော်၏တရားတော်ကိုကြားနာရန်အထံတော်သို့ချဉ်းကပ်ကြ၏။ထိုအခါဖာရိရှဲဧဦးတို့နှင့်ကျမ်းတတ်ဆရာတို့ကဤသူသည်အပြစ်ရှိသောသူတို့ကိုလက်ခံ၍သူတို့နှင့်အတူစားသောက်ပါသည်တကားဟုတီးတိုးပြောဆိုကြ၏။ကိုယ်တော်ကလည်းသူတို့အားဤပုံဥပမာကိုမိန့်မြွက်တော်မူ၏။သင်တို့တွင်မည်သူသည်သိုးအကောင်တစ်ရာရှိ၍၊သိုးတစ်ကောင်ပျောက်ဆုံးသွားပါလျှင်ကိုးဆယ်ကိုးကောင်ကိုတောခွင်၌ထားခဲ့ပြီးမှပျောက်သောသိုးတစ်ကောင်ကိုတွေ့သည့်တိုင်အောင်သွားမရှာဘဲနေမည်နည်း။သူသည်ထိုသိုးကိုတွေ့သောအခါဝမ်းမြောက်ဝမ်းသာဖြင့်ပခုံးထက်တွင်တင်ခဲ့၏။သူသည်အိမ်သို့ပြန်ရောက်လျှင်မိတ်ဆွေများနှင့်အိမ်နီးချင်းများကိုခေါ်၍ငါနှင့်အတူဝမ်းမြောက်ကြလော့။အကြောင်းမူကား၊ပျောက်သောသိုးကိုငါပြန်တွေ့ပြီဟုဆိုလိမ့်မည်။ထိုနည်းတူသင်တို့အားငါဆိုသည်ကား၊နောင်တရရန်မလိုအပ်သောဖြောင့်မတ်သူကိုးဆယ့်ကိုးယောက်တို့ထက်နောင်တရသောအပြစ်ရှိသူတစ်ယောက်ကြောင့်ကောင်းကင်ဘုံ၌ပို၍ဝမ်းမြောက်ရွှင်လန်းခြင်းရှိလိမ့်မည်။တစ်နည်းဆိုရသော်၊မည်သည့်အမျိုးသမီးသည်ငွေဒြမ်မာဆယ်ပြားရှိ၍၊တစ်ပြားပျောက်သွားလျှင်ဆီမီးခွက်ကိုထွန်းပြီးအိမ်ကိုလှဲကျင်းလျက်မတွေ့မချင်းသေချာစွာမရှာဘဲနေမည်နည်း။သူမသည်ထိုငွေကိုတွေ့သောအခါမိတ်ဆွေများနှင့်အိမ်နီးချင်းများကိုခေါ်ပြီးမှငါနှင့်အတူရွှင်လန်းဝမ်းမြောက်ကြလော့။အကြောင်းမူကား၊ပျောက်သွားသောငွေတစ်ပြားကိုငါပြန်တွေ့ပြီဟုဆိုလိမ့်မည်။ထိုနည်းတူသင်တို့အားငါဆိုသည်ကား၊ဘုရားသခင်၏တမန်တော်တို့သည်နောင်တရသောအပြစ်သားတစ်ယောက်ကြောင့်ရွှင်လန်းဝမ်းမြောက်ကြလိမ့်မည်ဟုမိန့်တော်မူ၏။တစ်ဖန်ကိုယ်တော်ကမိန့်တော်မူသည်ကား၊လူတစ်ဦး၌သားနှစ်ယောက်ရှိ၏။သူတို့နှစ်ယောက်တွင်သားငယ်ကအဖ၊ကျွန်တော်ရထိုက်သောအမွေကိုကျွန်တော်အားပေးပါဟုဆိုလျှင်ဖခင်သည်မိမိဥစ္စာပစ္စည်းများကိုသူတို့အားခွဲဝေပေးလေ၏။ရက်အနည်းငယ်ကြာသောအခါသားငယ်သည်မိမိရရှိသမျှသမျှဥစ္စာတို့ကိုစုသိမ်းပြီးလျှင်ဝေးလံသောတိုင်းတစ်ပါးသို့ထွက်သွား၍ထိုအရပ်တွင်အပျော်အပါးလိုက်စားလျက်မိမိဥစ္စာပစ္စည်းတို့ကိုဖြုန်းတီးလေ၏။သူ၌ရှိသမျှဥစ္စာတို့ကိုသုံးဖြုန်း၍ကုန်သောအချိန်တွင်ထိုတိုင်းပြည်၌ပြင်းထန်သောငတ်မွတ်ခေါင်းပါးခြင်းဘေးဆိုက်ရောက်လေရာသူသည်လည်းဆင်းရဲငတ်ပြတ်လေ၏။ထို့ကြောင့်သူသည်ထိုတိုင်းပြည်ရှိလူတစ်ဦးထံ၌ခိုကပ်နေသဖြင့်ထိုသူကသူ့ကိုမိမိဝက်များကိုထိန်းကျောင်းအစာကျွေးရန်လယ်တောသို့စေလွှတ်လေ၏။သူသည်ဝက်များစားနေသောပဲတောင့်များကိုပင်စားချင်သောဆန္ဒရှိသော်လည်းမည်သူမျှသူ့ကိုစားရန်အစာမပေးကြချေ။ထိုအခါ၊သူသည်အမြင်မှန်ရလျက်ပြောသည်မှာငါ၏အဖထံ၌အခစားလုပ်သားတို့သည်မည်မျှဝ

လင်စွာစားနိုင်လျက်ရှိကြလေပြီ။ငါမူကား၊ဤအရပ်တွင်အစာငတ်၍သေရတော့မည်။ငါသည်ထ၍၊ငါ၏ အဖထံသို့သွားလျက်အဖကျွန်တော်သည်ကောင်းကင်ကိုလည်းကောင်း၊အဖကိုလည်းကောင်းပြစ်မှားမိပါပြီ။ကျွန်တော်သည်အဖ၏ သားဟူ၍ခေါ်ဝေါ်ခြင်းငှာမခံထိုက်တော့ပါ။အဖ၏ အစေခံတစ်ယောက်ကဲ့သို့ကျွန်တော့်ကိုထားပါဟုငါဆိုမည်ဟူ၍ပြောလေ၏ ။ထို့နောက်သူသည်ထ၍အဖထံသို့ပြန်သွားလေ၏ ။သို့သော်သူသည်အဝေးမှာရှိနေစဉ်ပင်သူ၏ အဖသည်သူ့ကိုမြင်သောကြောင့်သနားကရုဏာသက်သဖြင့်သူ့ထံသို့ပြေးသွားပြီးလျှင်ဖက်၍၊နမ်းရှုပ်လေ၏ ။သားဖြစ်သူကလည်းအဖ၊ကျွန်တော်သည်ကောင်းကင်ကိုလည်းကောင်း၊အဖကိုလည်းကောင်းပြစ်မှားမိပါပြီ။ကျွန်တော်သည်အဖ၏ သားဟူ၍ပင်အခေါ်မခံထိုက်တော့ပါဟုပြောလေ၏ ။သို့သော်အဖကမိမိ၏ အစေခံတို့အားဆိုသည်ကား၊အကောင်းဆုံးသောဝတ်ရုံကိုအမြန်ယူလာ၍၊သူ့ကိုဝတ်ဆင်ပေးကြလော့။သူ၏ လက်၌လက်စွပ်ကိုလည်းကောင်း၊သူ၏ ခြေတို့၌ဖိနပ်ကိုလည်းကောင်းစွပ်ပေးကြလော။ဆူဖြိုးအောင်ကျွေးထားသောနွားငယ်ကိုယူခဲ့၍သတ်ကြလော့၊ငါတို့သည်စားသောက်ပွဲကျင်းပ၍၊ပျော်ရွှင်ဝမ်းမြောက်ကြကုန်အံ့။အကြောင်းမူကား၊ငါ၏ သားဤသူသည်သေပြီးမယခုအသက်ပြန်ရှင်လေပြီ။ပျောက်ဆုံးပြီးမှပြန်တွေ့ရလေပြီဟုဆိုလေ၏ ။ထို့နောက်သူတို့သည်ပျော်ပွဲရွှင်ပွဲကိုစတင်ကြကုန်၏ ။ထိုအချိန်၌သားကြီးဖြစ်သူသည်လယ်တောတွင်ရှိနေ၏ ။သူပြန်လာ၍၊အိမ်အနီးသို့ရောက်သောအခါ၊တီးမှုတ်သံနှင့်ကခုန်သံတို့ကိုကြားရလေ၏ ။ထို့ကြောင့်သူသည်အစေခံတစ်ဦးကိုခေါ်၍၊ဤအချင်းအရာသည်မည်သို့ဖြစ်သနည်းဟုမေးလေ၏ ။ထိုသူကလည်းသင်၏ ညီပြန်ရောက်လာပြီ၊သူ့ကိုဘေးကင်းစွာပြန်တွေ့ရသောကြောင့်သင်၏ အဖသည်ဆူဖြိုးသောနွားငယ်ကိုသတ်လေပြီဟုဆို၏ ။သားကြီးဖြစ်သူသည်ကား၊ဒေါသအမျက်ထွက်သောကြောင့်အိမ်တွင်းသို့ဝင်ရန်ငြင်းဆန်လေ၏ ။သူ၏ အဖသည်လည်းအပြင်သို့ထွက်လာပြီးလျှင်သူ့ကိုဖျောင်းဖျပြောဆိုလေ၏ ။သို့သော်သူကမိမိဖခင်အားပြန်ဖြေသည်မှာကျွန်တော်သည်အဖကိုနှစ်ပေါင်းများစွာလုပ်ကျွေးခဲ့ပါပြီ။အဖ၏ ဩဇာကိုတစ်ခါမှမလွန်ဆန်ဖူးပါ။သို့သော်လည်းကျွန်တော်၏ မိတ်ဆွေများနှင့်အတူပျော်ရွှင်စွာစားသောက်ရန်ဆိတ်ကလေးတစ်ကောင်ကိုမမပေးဖူးပါ။အဖ၏ ဥစ္စာပစ္စည်းများကိုပြည့်တန်ဆာများနှင့်ပျော်ပါးဖြုန်းတီးပစ်ခဲ့သည့်ဤသားပြန်လာသောအခါဆူဖြိုးသောနွားငယ်ကိုသတ်လေပြီဟုဆို၏ ။အဖကလည်းငါ့သား၊သင်သည်ငါနှင့်အတူအစဉ်နေထိုင်၏ ။ငါ၏ ဥစ္စာရှိသမျှသည်သင်၏ ဥစ္စာဖြစ်၏ ။သင်၏ ညီဤသူသည်ကားသေပြီးမှပြန်ရှင်၏ ။ပျောက်ဆုံးပြီးမှပြန်တွေ့ရသောကြောင့်ငါတို့သည်ဝမ်းမြောက်လျက်ပျော်ရွှင်ပွဲကိုကျင်းပသင့်ပေသည်ဟူ၍သူ့သားအားပြန်ပြောလေသည်ဟုမိန့်တော်မူ၏ ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။